ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅- ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပါရဂူသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ပါရဂူ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) Ph.D (Medical Laboratory Technology)	(၃)နှစ်
(ခ)	ပါရဂူ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) Ph.D (Physiotherapy)	(၃)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ) M.Med.Tech (Medical Laboratory Technology)	(၂)နှစ်
(ခ)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ) M.Med.Tech (Physiotherapy)	(၂)နှစ်
(ဂ)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) M.Med.Tech (Medical Imaging Technology)	(၂)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ဆေးဘက်ဆိုင်ရာအသံလှိုင်းဖြင့်ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာ Diploma in Diagnostic Medical Sonography	(၁)နှစ်

၂။ လိုအပ်သော အရည်အချင်း၊

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်းအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဂ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) မဟာသိပ္ပံသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဇ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ်၊ မဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး (၅)နှစ်နှင့် ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာဘွဲ့ရရှိပြီးပါက အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၃-၈-၂၀၂၄) (သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၊ (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ထိုကဲ့သို့ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ ကြိုတင်မိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

၆။ (က) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

(ခ) သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်ပါသည်။

၇။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။ ပါရဂူသင်တန်းကို (၃-၁၀-၂၀၂၄) (ကြာသပတေးနေ့) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းကို (၄-၁၀-၂၀၂၄) (သောကြာနေ့)တို့တွင် ကျွမ်းကျင်ဘာသာရပ် ရေးဖြေစာမေးပွဲများကို စစ်ဆေးပါမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်- ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၆၇၀ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်စီးပွားရေးဘဏ်ခွဲများ၊ မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ ငွေစာရင်းအမှတ်- MD-၀၁၁၆၇၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)

၉။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ ဖုန်းနံပါတ် (၀၁-၃၆၄၅၇၅၃၊ ၀၁-၃၆၄၅၇၄၆) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ Website (www.umty.gov.mm)သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်